တံပ်အွံရ်ပိုန်လောတ်ကပိုန်တအာင်း

**Palaung State Liberation Front**

## “လက်ရှိပြင်းထန်နေသည့်တိုက်ပွဲများကို မရပ်ဆိုင်းပဲ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ အလုပ်မဖြစ်နိုင်ပါ”

သဘောထားထုတ်ပြန်ချက်အမှတ် (၅/၂၀၁၅)

၁၇ ရက်၊ မတ်လ၊ ၂၀၁၅ ခုနှစ်

၁။ တအာင်းဒေသ၊ ကိုးကန့်ဒေသများတွင် မြန်မာ့တပ်မတော် တပ်မ (၁၁)၊ (၃၃)၊ (၅၅)၊ (၆၆)၊ (၇၇)၊ (၈၈)၊ (၉၉) နှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်လက်အောက်ခံတပ်များ၊ စကခ (၁၆)၊ ဒစက-လောက်ကိုင်၊ ဒစက-ကွတ်ခိုင် အစရှိသည့် များပြားလှသည့် တပ်အင်အားများဖြန့်ကျက်ပြီး ထိုးစစ်ဆင်လှုပ်ရှားလျက်ရှိသည်။ တအာင်းတပ်မတော် T.N.L.A၊ ကိုးကန့်တပ်မတော် M.N.D.A.A၊ ရက္ခိုင့်တပ်မတော် A.A တိုင်းရင်းသားစုပေါင်းတပ်ဖွဲ့တို့နှင့် မြန်မာ့တပ်မတော်တို့အကြား တိုက်ပွဲထိတွေ့မှုများမှာ နေ့စဉ်နီးပါး ပြင်းထန်စွာဖြစ်ပွားလျက်ရှိပါသည်။

၂။ မြန်မာ့တပ်မတော်မှ သာလွန်သည့်ထိုးစစ်အင်အားအပြင် ဖျက်အားပြင်းလက်နက်ကြီးများ၊ တင့်ကား၊ သံချပ်ကာကားများ၊ လေကြောင်းပစ်စစ်ဆင်ရေး ပေါင်းစုံအသုံးပြုကာ တိုင်းရင်းသားစုပေါင်းတပ်ဖွဲ့တို့အား ပြည်ပကျူးကျော်စစ်သဖွယ် တိုက်ခိုက်စစ်ဆင်နေပါသည်။

၃။ ထိုကဲ့သို့ တအာင်းနှင့်ကိုးကန့်ဒေသတို့တွင် ပြင်းထန်စွာတိုက်ပွဲဖြစ်ပွားနေသည့်အချိန်ကာလအတွင်း မိမိတို့အဖွဲ့အပါအဝင် လက်နက်ကိုင်တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့ N.C.C.T နှင့် မြန်မာအစိုးရ၏ U.P.W.C တို့ တပြည်လုံးအတိုင်းအတာအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အတွက် ရန်ကုန်မြို့တွင် (၇) ကြိမ်မြောက် တွေ့ဆုံဆွေးနွေးနေပါသည်။ ဆွေးနွေးပွဲမတိုင်မီ K.I.O/K.I.A ခေါင်းဆောင်များကို မြန်မာအစိုးရထိပ်သီးခေါင်းဆောင်များဖြစ်သည့် သမ္မတ၊ ဒုသမ္မတနှင့်စစ်ဦးစီးချုပ်တို့ကိုယ်တိုင် နေပြည်တော်တွင် တွေ့ဆုံကာ လက်နက်ကိုင်ပဋိပက္ခအပေါ် အမြင်သဘောထားများ ဆွေးနွေးခဲ့ကြသည်ဟု သိရှိရပါသည်။

၄။ ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများကို ပြည်တွင်းစစ်မီး ရပ်တန့်ရေးအားဦးတည်နိုင်သည့် ခြေလှမ်းများအဖြစ် မိမိတို့ P.S.L.F/T.N.L.A က ကြိုဆိုမျှော်လင့်ပါသည်။ သို့သော် မှန်မြတ်လှသည့်ငြိမ်းချမ်းရေးအတွက် ရန်ကုန်မြို့တွင် ဝိုင်းဝန်းလုပ်ဆောင်ဆွေးနွေးနေသော်လည်း မိမိတို့တိုင်းရင်းသားဒေသများတွင် တိုက်ပွဲများပြင်းထန်စွာဖြစ်ပွား နေသည်မှာ တကယ်စစ်မှန်သည့် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးအဖြေ ရရှိနိုင်မည် မဟုတ်ဟု သတိပေးထောက်ပြလိုက်ပါသည်။

၅။ ထို့ကြောင့် တအာင်းဒေသ၊ ကိုးကန့်ဒေသတွင် မြန်မာ့တပ်မတော်ထိုးစစ်များရပ်တန့်ခြင်း၊ မြန်မာ့တပ်မတော်စစ်ဆင်ရေးတပ်မများ ပြန်လည်ရုပ်သိမ်းခြင်းတို့မပြုလုပ်မချင်း ခုခံကာကွယ်သည့်စစ်ရေးနည်းလမ်းဖြင့် ဆက်လက်ခုခံတိုက်ပွဲဝင်သွားမည် ဖြစ်ကြောင်း မိမိတို့ P.S.L.F/T.N.L.A ၏ သဘောထားကို ထုတ်ပြန်လိုက်ပါသည်။

**ဗဟိုကော်မီတီ**

**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)**

**တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)**

**ဆက်သွယ်ရန်- သတင်းနှင့်ပြန်ကြားရေးဌာန PSLF/TNLA**

(၉၅) ၀၉ ၄၉၃၁ ၄၉၅၁၊ (၈၆) ၁၅၃ ၈၈၈၂ ၀၃၂၈၊ (၈၆) ၁၈၃ ၁၃၄၆ ၈၇၃၀